ဆွေမျိုးသားချင်း အဆက်ဖြတ်သူသည် ဂျန္နသ်သုခဘုံသို့
ဝင်ရောက်ရမည်မဟုတ်ပေ။
ဂျုဗိုင်းရ် ဗင်န် မုသ်ွအင်မ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ သူသည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ဤသို့ မိန့်ကြားတော်မူခဲ့သည်ကို
ကြားသိခဲ့သည်။ ဆွေမျိုးသားချင်း အဆက်ဖြတ်သူသည် ဂျန္နသ်သုခဘုံသို့
ဝင်ရောက်ရမည်မဟုတ်ပေ။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ အကြင်သူသည်
မိမိဆွေမျိုးသားချင်းများအား ၎င်းတို့ရပိုင်ခွင့်ရှိသည့်အခွင့်အရေးများကို
ဖြတ်တောက်မည်၊ ဒုက္ခပေးမည်၊ စကားဖြင့်ဖြစ်စေ လုပ်ရပ်ဖြင့်ဖြစ်စေ မကောင်းမှု
ပြုမည်ဆိုပါက ထိုသူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည် မဟုတ်ပေ။
https://sunnah.global/hadeeth/my/show/5367